
# နယူးယောက်ပြည်နယ် ခဲအန္တရာယ်ကင်းရှင်းသော ငှားရမ်းမှု မှတ်ပုံတင်ရုံး (Lead Rental Registry)

# သည် အငှားအိမ်အဟောင်းများရှိ ခဲပါဝင်သော သုတ်ဆေး အန္တရာယ်ကို ဖယ်ရှားပေးသည်။

**စိုးရိမ်ရသော လူမှုအသိုင်းအဝိုင်း 25 ခု**

၎င်းနေရာများတွင် ကလေးဘဝ ခဲဆိပ်သင့်မှုနှုန်းနှင့် အိမ်ဟောင်း ငှားရမ်းမှုနှုန်း အမြင့်ဆုံး ဖြစ်သည်။



| | | |
|---|---|---|
| Albany | Kingston | Schenectady |
| Amsterdam | Middletown | Spring Valley |
| Auburn | Mount Vernon | Syracuse |
| Binghamton | New Rochelle | Troy |
| Buffalo | Newburgh | Utica |
| Cheektowaga | Niagara Falls | Watertown |
| Elmira | Poughkeepsie | Yonkers |
| Gloversville | Rochester | |
| Jamestown | Rome | |



နယူးယောက်ပြည်နယ် ခဲအန္တရာယ်ကင်းရှင်းသော ငှားရမ်းမှု မှတ်ပုံတင်ရုံး (Lead Rental Registry, LRR- ပြည်သူ့ကျန်းမာရေးဥပဒေ ပုဒ်မ 1377) အရ မြေရာအဆောက်အအုံပိုင်ရှင်များ (အိမ်ပိုင်ရှင်များ) သည် ခဲအန္တရာယ်များကို ရှာဖွေစစ်ဆေးပြီး ပြင်ဆင်မွမ်းမံရမည်။ LRR ဥပဒေတွင် ကလေးဘဝ ခဲဆိပ်သင့်မှုနှုန်းနှင့် အိမ်ခန်းအဟောင်း ငှားရမ်းမှုနှုန်း အမြင့်ဆုံးဖြစ်သော လူမှုအသိုင်းအဝိုင်း 25 ခု ပါဝင်သည် (မြေပုံကို ကြည့်ပါ)။ 1980 ခုနှစ်မတိုင်မီက ဆောက်လုပ်ထားသော အိမ်ခန်းနှစ်ခုနှင့်အထက် ပါရှိသည့် အဆောက်အဦများကို ပိုင်ဆိုင်သူ မြေရာအဆောက်အအုံပိုင်ရှင်များ (အိမ်ပိုင်ရှင်များ) သည် ဤဥပဒေကို လိုက်နာရမည်၊ ယင်းအိမ်ခန်းများအနက် တစ်ခုက ကိုယ်ပိုင် သို့မဟုတ် မိသားစုပိုင် ဖြစ်လျှင်ပင် လိုက်နာရမည်။

## အိမ်ဟောင်းများရှိ ခဲပါဝင်သော သုတ်ဆေးများ ကွာကျခြင်း၊ ပွဲထွက်ခြင်းနှင့် ဖုန်မှုန့်များသည် ကလေးဘဝ ခဲဆိပ်သင့်ခြင်း၏ အဓိကအကြောင်းရင်းများ ဖြစ်သည်။

ခဲဆိပ်သင့်ခြင်းသည် လူတိုင်းအတွက် အန္တရာယ်ရှိသည်၊ အထူးသဖြင့် ကလေးငယ်များအတွက် အန္တရာယ်ရှိသည်။ ဘေးကင်းသော ခဲပမာဏဟူ၍ မရှိပါ။ ခဲသည် ခန္ဓာကိုယ်ထဲသို့ ရောက်သွားသည်နှင့် တစ်သက်လုံး ဦးနှောက်ထိခိုက်ပျက်စီးမှု၊ အမြဲတမ်း ထိခိုက်ဒဏ်ရာရခြင်းနှင့် မသန်စွမ်းမှုများကို ဖြစ်စေနိုင်သည်။ 1980 ခုနှစ်မတိုင်မီက ဆောက်လုပ်ထားသော အိမ်များမှ ခဲပါဝင်သော သုတ်ဆေးများ ကွာကျခြင်း၊ ပွဲထွက်ခြင်းနှင့် ဖုန်မှုန့်များသည် ခဲနှင့်ထိတွေ့ရခြင်း၏ အဓိကပင်မ အကြောင်းရင်း ဖြစ်သည်။ ယင်းထိတွေ့မှုများကို ကာကွယ်နိုင်ပါသည်။

NEW YORK STATE | Department of Health

health.ny.gov/**LeadRentalRegistry**

# ခဲအန္တရာယ်ကင်းရှင်းသော ငှားရမ်းမှု မှတ်ပုံတင်ရုံး၏ အလုပ်လုပ်ပုံ

**စိုးရိမ်ရသော လူမှုအသိုင်းအဝိုင်းများအတွင်းရှိ အငှားမြေရာအဆောက်အအုံများကို ခဲအန္တရာယ်ကင်းအောင် ရှာဖွေစစ်ဆေးရမည်။ မြေရာအဆောက်အအုံပိုင်ရှင်များသည် ခဲအန္တရာယ်ကင်းရှင်းသော အငှားအိမ်ခန်းများဖြစ်အောင် ပြင်ဆင်မွမ်းမံရမည်၊ တရားဝင်ထောက်ခံချက်ရယူရမည်၊ ထိန်းသိမ်းစောင့်ရှောက်ရမည်။**










❶ ခဲရှာဖွေစစ်ဆေးမှုများသည် ခဲအန္တရာယ်ရှိနိုင်သော အိမ်တွင်း၊ အိမ်ပြင်နှင့် အများသုံးနေရာများကို ရှာဖွေသည်။ ❷ ရှာဖွေစစ်ဆေးသူများသည် ခဲပါဝင်သော သုတ်ဆေးအန္တရာယ်များကို ရှာဖွေရန် နမူနာယူ ဖုန်သုတ်အဝတ်စကို အသုံးပြုသည်။ ❸ သူတို့သည် ခဲပါဝင်နေနိုင်သော မြေဆီလွှာ အလွှတ်များကိုလည်း ဖော်ထုတ်သည်။

## ရှာဖွေပါ၊ ပြင်ဆင်ပါ



မြေရာအဆောက်အအုံပိုင်ရှင်များအနေဖြင့် ခဲရှာဖွေစစ်ဆေးရေးများကို စီစဉ်ဆောင်ရွက်နိုင်ရန်နှင့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အိမ်ငှားများက ဝင်ခွင့်အတွက် ခွင့်ပြုပေးရမည်။

တရားဝင်လက်မှတ်ရ ခဲအကဲဖြတ်စစ်ဆေးသူများနှင့် ကန်ထရိုက်တာများက ယင်းအလုပ်ကို လုပ်ဆောင်ရမည်။

ရှာဖွေစစ်ဆေးမှုများအတွင်း တွေ့ရှိရသော ခဲအန္တရာယ်များကို ပြည်နယ်၊ ဖယ်ဒရယ်နှင့် ဒေသဆိုင်ရာ ဥပဒေများအားလုံးနှင့်အညီ ကောင်းမွန်သင့်လျော်စွာ ပြင်ဆင်ရမည်။ ခဲပျံ့နှံ့နိုင်ခြေ နည်းပါးစေရန် အလုပ်ခွင်နေရာများရှိ ပစ္စည်းများကို ဖုံးအုပ်ထားရန် သို့မဟုတ် ဖယ်ရှားထားရန် သင့်အား တောင်းဆိုနိုင်သည်။ မြေရာအဆောက်အအုံပိုင်ရှင်များကလည်း ရှာဖွေတွေ့ရှိမှုများနှင့် လှုပ်ရှားမှုများအားလုံးအကြောင်း အိမ်ငှားအား အသိပေးအကြောင်းကြားရမည်။

ပြင်ဆင်စရိတ်များ ပေးချေရာတွင် မြေရာအဆောက်အအုံပိုင်ရှင်များကို ကူညီပေးမည့် ရန်ပုံငွေများကို နယူးယောက်ပြည်နယ်မှ ရရှိနိုင်ပါသည်။

## အိမ်ငှားများ သိရှိထားရမည့် မိမိတို့၏အခွင့်အရေးများ

မြေရာအဆောက်အအုံပိုင်ရှင်က ခဲအန္တရာယ်ကင်းရှင်းသော ငှားရမ်းမှု မှတ်ပုံတင်ရုံးဥပဒေ သတ်မှတ်ချက်များကို လေးစားလိုက်နာမှုမရှိလျှင် သင်တို့ကို ဥပဒေအရ မနှင်ထုတ်နိုင်ပါ။ မြေရာအဆောက်အအုံပိုင်ရှင်က သင့်အား အရေးယူလျှင် သင်၏ ဒေသဆိုင်ရာ ကျန်းမာရေးဌာနထံ အကြောင်းကြားပြီး နယူးယောက်ပြည်နယ် အိမ်ရာရုံး ရှေ့နေချုပ် (New York State Attorney General Housing Office) ထံ တိုင်ချက်ဖွင့်ပါ။

ထပ်ဆောင်းအချက်အလက်များကို ဖော်ပြတွင် ရှာဖွေကြည့်ရှုပါ- health.ny.gov/**LeadRentalRegistry**